**လက်ရှိ ဖြစ်ပွားနေသည့် ပဋိပက္ခများနှင့် ပတ်သက်ပြီး တအာင်းအရပ်ဘက်အဖွဲ့အစည်းများကွန်ရက်၏**

**ထုတ်ပြန်ချက်**

**စာအမှတ် (၀၂/၂၀၂၆)**

**ရက်စွဲ။ ။ ၁၆ ရက်၊ မတ်လ၊ ၂၀၂၆ ခုနှစ်**

၁။ တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (PSLF/TNLA) နှင့် ကိုးကန့်တပ်မတော် (MNTJP/MNDAA) ပါဝင်သော မြောက်ပိုင်းမဟာမိတ် ညီနောင်သုံးဖွဲ့သည် ဆယ်စုနှစ်ကျော်ကြာခိုင်မာခဲ့သော ညီနောင်မဟာမိတ် တပ်ဖွဲ့များဖြစ်ပြီး ၎င်းတို့ ဦးဆောင်သည့် ၁၀၂၇ စစ်ဆင်ရေးသည် ညီနောင်သုံးဖွဲ့၏ စည်းလုံးညီညွတ်မှုများနှင့် ပူးပေါင်းမှုများကြောင့် အောင်မြင်မှုရခဲ့သည့် ညီညွတ်မှုပြယုတ် တစ်ခုဖြစ်ခဲ့ပါသည်။

၂။ သို့သော် နှစ်ဖက်တပ်၏ မတူညီသည့်မူဝါဒများ၊ ရပ်တည်ချက်များ နှင့် နိုင်ငံရေး မျှော်မှန်းချက်များကြောင့် တအာင်းဒေသ၊ ကွတ်ခိုင်မြို့နယ်တွင် မတ်လ (၁၄) ရက်နေ့ နံနက် (၉) နာရီ ၄၅ မိနစ်အချိန်တွင် MNTJP/MNDAA မှစတင်ပြီး PSLF/TNLA၏ စခန်းများ၊ ပြည်သူနှင့်သက်ဆိုင်သည့် ရုံးဌာနများနှင့် လူနေအဆောက်အဦးများအပေါ် လက်နက်ကြီးငယ်များ နှင့် ဒရုန်းများဖြင့် အလစ်အငိုက် တဖက်သတ်အပြင်းအထန် စတင်ထိုးစစ်ဆင် တိုက်ခိုက်ခဲ့ပါသည်။ ထိုသို့ တိုက်ပွဲဖြစ်ပွားလာရသည့် အကြောင်းအရင်းမှာ ဖေဖော်ဝါရီလ (၁၃) ရက်နေ့တွင် MNTJP/MNDAA မှ PSLF/TNLA ထိန်းချုပ်သည့် ကွတ်ခိုင်မြို့အတွင်းတွင် CCTV တပ်ဆင်ခြင်းကို TNLA ဘက်မှ စတင်ဖြုတ်ချရာမှ အစပြုခဲ့သည်။ ကိုးကန့်တပ်ဖွဲ့ MNTJP/MNDAAသည် ထိုးစစ်ဆင် တိုက်ခိုက်ရန်အတွက် မဟာဗျူဟာကျကျဖြင့် အချိန်များစွာယူပြီး ကြိုတင်ပြင်ဆင်ခဲ့သည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။

၃။ ထိုကဲ့သို့ စစ်ရေးတင်းမာမှုများကြောင့် MNTJP/MNDAAသည် PSLF/TNLAကိုသာမက တအာင်းလူထုများသို့ ဦးတည်ပြီး ဖမ်းဆီးခြင်း၊ အကြမ်းဖက်ရိုက်နှက်ခြင်း၊ ဒေသတွင်းရှိ လူငယ်များကိုပါ ဖမ်းဆီးခြင်း သတ်ဖြတ်ခြင်းနှင့် တအာင်းဒေသတွင်းသို့ ကုန်စီးဆင်းသွားမှုများကို ဖိအားပေးပြီး ပိတ်ပင်ထားခဲ့သည်။ MNTJP/MNDAAသည် နမ့်ဖတ်ကာကျေးရွာတွင်လည်း နေအိမ်များသို့ ဝင်ရောက်စစ်ဆေးပြီး ဒေသခံလူငယ်များနှင့် ကျောင်းသားအချို့ကို နောက်ပြန်ကြိုးတုပ်ကာ ပြင်းထန်စွာ ရိုက်နှက်ပြီး ဖမ်းဆီခေါ်ဆောင်မှုများကိုလည်း လုပ်ဆောင်လျက်ရှိပါသည်။

၅။ ထိုကဲ့သို့သော စစ်ရေးပဋိပက္ခများကြောင့် ပြည်သူလူထုများ၏ ရည်မှန်းချက်များဖြစ်သည့် အာဏာရှင် စနစ် အမြစ်ပြတ်ရေး၊ ဖက်ဒရယ်ဒီမိုကရေစီရရှိရေးနှင့် ငြိမ်းချမ်းရေးသို့ ဦးတည်သည့် လမ်းကြောင်းကို ထိခိုက်စေသည့်အပြင် စစ်အာဏာရှင်များအတွက် အခွင့်အလမ်းများဖြစ်ပေါ်စေနိုင်ပြီး နွေဦးတော်လှန်ရေး အတွက် များစွာစိန်ခေါ်မှု ဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် မိမိတို့ တအာင်းအရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် လက်ရှိဖြစ်ပွားနေသည့် ပဋိပက္ခများနှင့်ပတ်သတ်ပြီး

1. လက်ရှိဖြစ်ပွားနေသည့် စစ်ရေးကိစ္စရပ်ကို ချက်ခြင်းရပ်တန့်ပြီး စာပွဲဝိုင်းပေါ်တွင် ဆွေးနွေးညှိနှိုင်း အဖြေရှာခြင်းဖြင့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးကို ထိန်းသိမ်းကြပါရန်။
2. စစ်ရေးပဋိပက္ခဒဏ်ကို ပြင်းထန်စွာ ဆက်တိုက်ခံစားခဲ့ရသော ပြည်သူလူထုများအား မျက်နှာမူပြီး ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို အထူးအလေးထား ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပေးရန်။
3. စစ်ရေးပဋိပက္ခမှတစ်ဆင့် လူမျိုးရေးပဋိပက္ခသို့ ဦးတည်သည့်လုပ်ရပ်များကို ချက်ခြင်းရပ်တန့်ပေးပါရန်။
4. အာဏာရှင်စနစ် အမြစ်ပြတ်ချေမှုန်းရေးကို ဦးတည်ပေးကြပါရန် နှစ်ဖက်တပ်ဖွဲ့အား တိုက်တွန်းသည့် သဘောထားအား ထုတ်ပြန်အပ်ပါသည်။

(၁) တအာင်းကျောင်းသားနှင့် လူငယ်များအဖွဲ့ - TSYU

(၂) တအာင်းအမျိုးသမီးအဖွဲ့အစည်း - TWO

(၃) တအာင်းပညာရေးအင်စတီကျူ့ - TEI

(၄) တအာင်းဥပဒေအထောက်အကူပြု ဖောင်ဒေးရှင်း - TLAF

(၅) တအာင်းကျန်းမာရေးအဖွဲ့အစည်း - THO

(၆) တအာင်းသဘာဝပတ်ဝန်းကျင် စောင့်ကြည့်လေ့လာရေးအဖွဲ့ - TEWG

**ဆက်သွယ်ရန်**

**Phone & Signal - 09677019722**